# Imagine Language & Literacy

## Helping your student succeed at school and at home

မိဘ သို့မဟုတ် စောင့်ရှောက်သူထံသို့ -

ကြိုဆိုပါသည်။ သင်၏ကျောင်းသားသည် ပညာသင်နှစ်သစ်အတွက် Imagine Language & Literacy တွင် စာရင်းသွင်းထားပြီး ဖြစ်ပါသည်။ Imagine Language & Literacy သည် သင်၏ကျောင်းသားဖြစ်သူ၏ အဆင့်နှင့်ကိုက်ညီသော ဘာသာစကား နှင့် စာပေ အယူအဆများအား သင်ကြားပေးပြီး၊ ၎င်းတို့ သင်ယူခဲ့သည့်အရာများအား ၎င်းတို့နှင့်အတူ ကူညီလေ့ကျင့်ပေးသည့် လက်တွေ့ကျင့်သုံး၊ အသုံးချနိုင်သော အပြန်အလှန်တုံ့ပြန်ဆောင်ရွက်မှုရှိသည့် အစီအစဉ်တစ်ခု ဖြစ်သည်။ Imagine Language & Literacyနှင့်ပတ်သက်ပြီး ပိုမိုလေ့လာသိရှိနိုင်ရန်အတွက် [www.imaginelearning.com/literacy/language-and-literacy](www.imaginelearning.com/literacy/language-and-literacy)သို့ ဝင်ရောက်ကြည့်ရှုပါ။

### Imagine Language & Literacy တွင် သင်၏ကျောင်းသားဖြစ်သူ ရရှိမည့် အတွေ့အကြုံများ

Imagine Language & Literacy သည် စာလုံးများ နှင့် အသံထွက်များ၊ ကဗျာကာရန်များ၊ ဝေါဟာရများ၊ စာလုံးပေါင်းများ၊ စာဖတ်ရှု နားလည်သဘောပေါက်နိုင်သည့် ကျွမ်းကျင်မှုများ နှင့် အခြား အစရှိသည်ကဲ့သို့သော ဘာသာစကား နှင့် စာပေ အယူအဆများအား သင်ကြားပေးရန်အတွက်ဗု ညှိနှိုင်းပါဝင်ဆောင်ရွက်မှုပြုလုပ်ခြင်း၊ အပြန်အလှန်တုံ့ပြန်ဆောင်ရွက်မှုရှိသော ဂိမ်းများ၊ စာအုပ်များ၊ သီချင်းများ နှင့် ဗီဒီယိုများတို့ကို အသုံးပြုသည်။ Imagine Language & Literacy တွင် သင်၏ကျောင်းသားဖြစ်သူ စတင်တက်ရောက်ချိန်၌ ၎င်းတို့သည် ၎င်းတို့၏ လက်ရှိ ကျွမ်းကျင်မှုအဆင့်အား ဖော်ထုတ်ပေးပြီး၊ ၎င်းတို့အား ၎င်းတို့၏ ကိုယ်ပိုင် တစ်ဦးချင်းစီအလိုက် သင်ယူလေ့လာမှုလမ်းကြောင်းပေါ်တွင် နေရာချထားပေးမည်ဖြစ်သော (သင်၏ကျောင်းခရိုင်မှ ရွေးချယ်ထားသည့်) ရည်ညွှန်းမှတ် အကဲဖြတ်စစ်ဆေးမှု (Benchmark Assessment) တစ်ခုအား ဖြေဆိုကြရမည် ဖြစ်သည်။ Imagine Language & Literacyအား သင်၏ကျောင်းသားဖြစ်သူမှ အသုံးပြုသည့်အခါတွင် ၊၎င်းသည် ကျောင်းသားဖြစ်သူ၏ ဆောင်ရွက်ချက်အဆင့်အတိုင်း ကျင့်သုံးပြောင်းလဲပြီး၊ ကျောင်းသားများ လိုအပ်သည့် ကျွမ်းကျင်မှုများအား သင်ယူ၊ လေ့ကျင့်နိုင်စေရန် အကူအညီပေးမည် ဖြစ်သည်။

သင်၏ကျောင်းသားဖြစ်သူမှ မေးခွန်းများအား မှန်ကန်စွာ ဖြေကြားသည့်အခါတွင် ၎င်းတို့သည် နောက်ထပ်သော ဂိမ်းများအား ဆော့ကစားနိုင်ပြီး၊ Imagine Language & Literacy ဆုချီးမြှင့်မှု ပတ်ဝန်းကျင်အတွင်း အချိန်အား အသုံးချကာ မိမိတို့၏ ဇာတ်ကောင် အာဗာတာအား စိတ်တိုင်းကျ ဆောင်ရွက်နိုင်မည့် ဗာကျူရယ် ပုံရိပ်ယောင် တိုကင်များကို ရရှိမည်ဖြစ်သည်။ Imagine Language & Literacy သည် အင်္ဂလိပ်ဘာသာစကား သင်ယူလေ့လာသူများအား အကူအညီပေးရန်အတွက်လည်း ဘာသာစကား 15 မျိုးဖြင့် အသံပိုင်း အော်ဒီယို ဘာသာစကား ပံ့ပိုးမှုများကို ထောက်ပံ့ပေးထားသည်။

### နေအိမ်တွင် Imagine Language & Literacy အား အသုံးပြုခြင်း

သင်၏ကျောင်းသားသည် URL ဖြင့် စာရင်းသွင်းဝင်ရောက်ပြီး၊ အောက်ပါ အချက်အလက်များအား စာရင်းသွင်းခြင်းဖြင့် မည်သည့် ကွန်ပျူတာ သို့မဟုတ် တက်ဘလက်မဆိုရှိ (စမတ်ဖုန်းများဖြင့် အသုံးပြု၍မရပေ) ဝက်ဘ်ဘရောက်ဇာတစ်ခုမှတဆင့် Imagine Language & Literacy သို့ ဝင်ရောက်အသုံးပြုနိုင်မည်ဖြစ်သည်။ သို့မှမဟုတ် Imagine Learning Student အပလီကေးရှင်းအား [Chrome Web Store](Chrome Web Store)မှတဆင့် Chromebook အတွင်းသို့၊ [App Store](App Store)မှတဆင့် iPad များအတွင်းသို့၊ ထို့ပြင်[Google Play](Google Play) နှင့် [Amazon](Amazon)မှတဆင့် Android ကိရိယာများအတွင်းသို့ သင် ဒေါင်းလုဒ်ဆွဲချနိုင်ပါသည်။

သင်၏ ကွန်ပျူတာ သို့မဟုတ် တက်ဘလက်သည် အနည်းဆုံးသတ်မှတ်ချက်အနေနှင့် ကန့်သတ်ထားသော နည်းပညာပိုင်း လိုအပ်ချက်များဖြင့် ပြည့်မီကိုက်ညီမှုရှိ၊မရှိ သေချာအောင်ဆောင်ရွက်ရန်အတွက်ဗု [help.imaginelearning.com](help.imaginelearning.com) တွင် ကြည့်ရှုစစ်ဆေးပါ။ သင့်ကျောင်းသားဖြစ်သူ၏ တမူထူးခြားသည့် တစ်ဦးချင်းစီအလိုက် ဆောင်ရွက်ထားသော သင်ယူလေ့လာမှုလမ်းကြောင်းအား ထိန်းသိမ်းထားနိုင်ရန် နှင့် တိကျမှန်ကန်မှုရှိသော ဖွံ့ ဖြိုးကြီးထွားမှု နှင့် တိုး တက်မှု အခြေအနေများအား အစီရင်ခံနိုင်ရန် အစရှိသည်တို့အတွက်ဗု Imagine Language & Literacy တွင် တရားဝင် စာရင်းသွင်းထားသော ကျောင်းသားများသာလျှင် နေအိမ်၌ ၎င်းအား အသုံးပြုသင့်ပေသည်။

### သင့်ကျောင်းသားဖြစ်သူ၏ တိုးတက်မှုအခြေအနေအား ပံ့ပိုးထောက်ပံ့ခြင်း

သင့်ကျောင်းသားဖြစ်သူ၏ Imagine Language & Literacy အတွေ့အကြုံများတွင် ပါဝင်ပတ်သက်ခြင်းအားဖြင့် သင်သည် ၎င်းတို့ အောင်မြင်စေရန် အကူအညီပေးနိုင်ပါသည်။ ဤကျောင်းပညာသင်နှစ်တွင် Imagine Language & Literacy အား အကောင်းဆုံး အသုံးချ၍ အကောင်းဆုံး အကျိုးအမြတ်ရယူစေနိုင်ရန်အတွက် ဤအကြံပြုထောက်ခံချက်များအား လိုက်နာစေလိုပါသည် -

---

IMAGINE LANGUAGE & LITERACY
LOGIN

Student: ____________________

URL: ____________________

Username: ____________________

Password: ____________________



# Imagine Language & Literacy

## Helping your student succeed at school and at home

- **သင်၏ကျောင်းသားအား နေအိမ်တွင် Imagine Language & Literacy အား အသုံးပြုဖို့ တိုက်တွန်းအားပေးပါ။** အနောက်အယှက်များကင်းဝေးသည့် နေရာတစ်ခုအား ထောက်ပံ့ပေးပြီး၊ သင်၏ကျောင်းသားမှ အပြန်အလှန်တုံ့ပြန်ဆောင်ရွက်ရသည့် လှုပ်ရှားဆောင်ရွက်မှုများ၌ ပါဝင်ဆော့ကစားသည့်အခါတွင် တွေးခေါ် ချင့်ချိန်မှုရှိပြီး အာရုံစူးစိုက်မှုရှိစေဖို့ ၎င်းတို့အား တိုက်တွန်းအားပေးပါ။
- **သင်၏ကျောင်းသားဖြစ်သူ ကျောင်းမှ နေအိမ်သို့ ယူဆောင်လာသော ပုံပြင်များ သို့မဟုတ် ပရင့်စာရွက်များ မှန်သမျှအား ကြည့်ရှုစစ်ဆေးပါ။** သင်၏ကျောင်းသားအား အသံကျယ်ကျယ်ဖြင့် သင့်ထံ ပုံပြင်များ ဖတ်ရှုပြစေပြီး၊ ပရင့်စာရွက်များမှန်သမျှအတွင်း သင်ကြားထားသော ကျွမ်းကျင်မှုများတို့ကို ကြည့်ရှုစစ်ဆေးပါ။
- **သင့်ကျောင်းသား၏ တိုးတက်မှုအခြေအနေအား ၎င်းတို့၏ ဆရာ၊ဆရာမနှင့်အတူ ကြည့်ရှုစစ်ဆေးပါ။** သင့်ကျောင်းသား၏ အလုံးစုံသော တိုးတက်မှု နှင့် ဖွံ့ ဖြိုးကြီးထွားမှု အခြေအနေများ၊ စာမေးပွဲစစ်ဆေးမှု ရလဒ်များ၊ ပြည်နယ် စာမေးပွဲများအတွက် ဆောင်ရွက်မှုအခြေအနေ ကြိုတင်ခန့်မှန်းချက်များ၊ ထို့ပြင် သင်၏ ကျောင်းသားဖြစ်သူ ခက်ခဲစွာ ရုန်းကန်ကြိုးစားကောင်း ကြိုးစားနေရသည့် ကျွမ်းကျင်မှု နယ်ပယ်ဧရိယာ များ အစရှိသည်တို့အား တိုင်ပင်ဆွေးနွေးပါ။

---

IMAGINE LANGUAGE & LITERACY
**LOGIN**

Student: ______________________________

URL: ______________________________

Username: ______________________________

Password: ______________________________

